**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

၁၃ ရက်မြောက်နေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )**

**[အင်္ဂါနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **မြို့နယ်တရားရုံးတွင် ပေးဆောင်ခဲ့ရသည့် ဒဏ်ငွေကို တိုင်းဒေသကြီး တရားလွှတ်တော်က ပြန်လည်ထုတ်ပေးစေသည့် အမိန့်ပါရှိရာတွင် သက်ဆိုင်သည့် အမှုသည်ထံသို့ အမှန်ကန်ဆုံးနှင့် အမြန်ဆုံး ပြန်လည်ထုတ်ပေးနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့် အခြားသော သက်သေခံပစ္စည်း၊ ငွေကြေးတို့ကို ပြန်လည် ထုတ်ပေးရာ၌လည်း မှန်ကန်/မြန်ဆန်စေရန် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြင့်အောင် က မကွေးတိုင်းဒေသကြီး၊ တရားရေးဦးစီးမှူးရုံးမှ ၂၉-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆၂၁၂/၁-၅/၂၀၁၇ ဖြင့် မင်းဘူးမြို့နယ် တရားရုံးသို့ အထက်ပါအမှု(၆)မှုမှ သက်သေခံငွေစုစုပေါင်း ကျပ် ၃၀၀၀၀၀၀/-(ကျပ်သိန်းသုံးဆယ်တိတိ)မှာ ၁-၁၀-၂၀၁၁ နေ့နောက်ပိုင်း မကွေးတိုင်းဒေသကြီး၊ ဘဏ္ဍာရန်ပုံငွေ၏ ငွေထုတ်စာရင်းတွင် ပေးသွင်းထားကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါ ဒဏ်ငွေကျပ် ၃၀၀၀၀၀၀/-(ကျပ်သိန်းသုံးဆယ်တိတိ)ကို သက်ဆိုင်သူ တရားခံ(၆)ဦးသို့ ပြန်လည်ထုတ်ပေးနိုင်ရန် မကွေးတိုင်းဒေသကြီး၊ ဘဏ္ဍာရန်ပုံငွေ၏ သာမန်ရငွေ နှုတ်-၅၀ ပြန်ပေးငွေခေါင်းစဉ်အောက်မှ ခွင့်ပြုပြီးနောက် ၅-၁-၂၀၁၈ နေ့တွင် ပြန်လည်ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ အခြားသော သက်သေခံပစ္စည်း၊ ငွေကြေးတို့ကို ပြန်လည်ထုတ်ပေးရာ၌လည်း မှန်ကန်/မြန်ဆန်စေရန်အတွက် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအမှုကို အယူခံဝင်ရောက်ခြင်းမရှိပါက အယူခံဝင်ခွင့်ကာလ ကုန်ဆုံးပြီးနောက် ပြန်လည်ထုတ်ပေးလျက်ရှိကြောင်းနှင့် အယူခံ/

ပြင်ဆင်မှု တက်ရောက်သောအမှုများတွင် ယင်းအမှုများ ဆုံးဖြတ်ပြီးစီးသည် အထိ စောင့်ဆိုင်း၍ အမြန်ဆုံး စိစစ်ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။

( ခ ) ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းအဆင့် တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်မှုနှင့် ကိုက်ညီမှုမရှိသော်လည်း ဒေသဖွံ့ဖြိုးရေးကို ရှေးရှု၍သော်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ အတွက် သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ရရှိရေးတို့အတွက်သော်လည်းကောင်း ဖြေလျှော့စဉ်းစားပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပါသည်။

( ဂ ) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ်၊ မော်ဟွေ့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (မော်ဟွေ့)ကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ်၊ မော်ဟွေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် တောင်ပေါ်ဒေသဖြစ်၍ သွားလာရေး ခက်ခဲပါသဖြင့် သတ်မှတ်မှုနှင့် ကိုက်ညီမှုရှိသည့်အတွက် ၂၀၁၈-၂၀၁၉ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**အဆိုဆွေးနွေးခြင်း**

၃။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးပါသည်။

၄။ အစည်းအဝေးကို ၁၁း၁၇ နာရီ အချိန်တွင် ရပ်နားပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ၁၄ ရက်မြောက်နေ့ အစည်းအဝေးကို ၇-၂-၂၀၁၈ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**